# အပြည်ပြည်ဆိုင်ရာနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းကော်မတီ၏ တာဝန်များ

(၁) မြန်မာနိုင်ငံသားအင်ဂျင်နီယာများ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူများနှင့် နည်းပညာကျွမ်းကျင်သူများ၏ အရည်အသွေးနှင့်စံချိန်စံညွှန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုနိုင်မည့် ဒေသတွင်းနှင့် နိုင်ငံတကာအစိုးရ သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ တက္ကသိုလ်များ၊ ပညာရှင်များနှင့် ထိတွေ့ဆက်ဆံနိုင်မည့် အခွင့်အလမ်းများ ဖော်ဆောင်ခြင်း၊ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ ရှာဖွေလုပ်ဆောင်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(၂) ကမ္ဘာ့နိုင်ငံအသီးသီးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အင်ဂျင်နီယာနှင့် နည်းပညာကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးစံချိန်စံညွှန်း ထိန်းသိမ်းဆောင်ရွက်ခြင်းလုပ်ငန်းများ အတွေ့အကြုံများအား လေ့လာခြင်း၊

(၃) အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာအင်ဂျင်နီယာကောင်စီများနှင့် ဆက်သွယ်ခြင်းနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ ဖော်ထုတ်ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဆိုင်ရာ သတင်းအချက်အလက်များဖြန့်ဝေခြင်း၊

(၄) ခေတ်မီအင်ဂျင်နီယာနည်းပညာရပ်များ၊ ကျွမ်းကျင်မှုဆိုင်ရာနည်းစဉ်သစ်များ၊ သဘာဝပတ်ဝန်းကျင်နှင့် လူသားအကျိုးပြု အင်ဂျင်နီယာနည်းပညာရပ်များနှင့်စပ်လျဉ်း၍ ကမ္ဘာ့နိုင်ငံအသီးသီး၏ အတွေ့အကြုံများ၊ သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများအပေါ် မြန်မာနိုင်ငံသားအင်ဂျင်နီယာများ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူများနှင့် နည်းပညာကျွမ်းကျင်သူများသို့ ထပ်ဆင့်ဖြန့်ဝေဆောင်ရွက်ပေးခြင်း၊

(၅) မြန်မာနိုင်ငံသားအင်ဂျင်နီယာများ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူများနှင့် နည်းပညာကျွမ်းကျင်သူများအတွက် နိုင်ငံတကာအတွေ့အကြုံများ ရရှိစေမည့် ဆွေးနွေးပွဲများ၊ ကွန်ဖရင့်များ၊ သင်တန်းများ၊ လေ့လာရေးခရီးစဉ်များ၊ စာတမ်းဖတ်ပွဲများသို့ တက်ရောက်ခွင့်ရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်း၊